## မာတိကာ


– အမှာ ၉

**အရပ်တစ်ပါးက လူတချို့**

၁။ တိရစ္ဆာန်ရုံကို ဖွင့်ပေးလိုက်ရခြင်း ၁၅
၂။ အကျဉ်းသားတွေ ၂၈
၃။ အတိတ်ရဲ့တစ္ဆေကို ကျောပိုးထားသူတွေ ၄၃
၄။ ပိုမိုညှိုးဖျင်းသော စိတ်ကူးထည်တို့ဖြင့်၊ ဆက်လက် ရှင်သန်နေထိုင်ရန် အားထုတ်မှု ၅၈
၅။ နိယာမကျောင်းထွက်တို့၏ နောက်ဆုံးမိတ်ဆုံစားပွဲ ၇၂
၆။ အမှန်တရား၏ ကြင်နာမှုကင်းခြင်းနှင့် ဝေဝါးတတ်ခြင်းသဘော .. ၈၈
၇။ ဘာကြောင့်တွေ၊ ဘယ်လိုတွေ ပျောက်ဆုံးသွားစေချင်ခဲ့တုန်းက ၁၀၃
၈။ နာမိတာ ငါ ၁၁၄
၉။ လှည့်ဖြားခြင်း
– လှည့်ဖြားခြင်းသည် ပြောင်မြောက်သော အနုပညာ ၁၃၁
– လှည့်ဖြားခြင်းသည် နေ့စဉ်ဘဝ၏ အလုံးစုံ ၁၅၁

**လူတချို့ရဲ့ အရပ်တစ်ပါး**

၁။ တော်ရာမှာ မပျော်တာ၊ ပျော်စရာ မတော်ရာ ၁၇၁
၂။ လွတ်လပ်ခြင်းကို ပြစ်ဒဏ်အဖြစ် ခံစားနေကြရသူများ ၁၈၆
၃။ လူနှင့် ယုတ္တိဗေဒ၏အကြားမှ အကွာအဝေး ၂၀၁
၄။ အလင်းရောင်အောက်မှာ ပျောက်ဆုံးနေတာတွေ ၂၁၄
၅။ ကံကွဲမှ လွဲမျှော် ၂၂၉
၆။ လမ်းကျဉ်းကလေးတွေ ၂၄၂
၇။ မက်စီကိုမှ မသိကြတဲ့ လူတွေ ၂၆၀
၈။ မျှော်လင့်နေသော နွေဦးအတွက် သိမ်မွေ့သော နှလုံးသားများ ၂၇၂
၉။ ကာလနဲ့ ဒေသ ပျောက်ဆုံးသွားရတာကတော့ ၂၈၇
၁၀။ သူစိမ်းတွေ ရင်းနှီးလိုက်ကြပုံက .. ၃၀၁


## အမှာ

**အရပ်တစ်ပါးမှ ဝတ္ထုများ** ထွက်ပြီးနောက် စာဖတ်သူတချို့က ဆက်သွယ်မေးမြန်းကြသည်။ အများစု သိလိုသောအချက်တစ်ခုမှာ ‘ထို–ဝတ္ထုများ–မှာ ဘာသာပြန်လား၊ မှီးတာလား’ဟူသောအချက် ဖြစ်သည်။ **အရပ်တစ်ပါးမှ ဝတ္ထုများ**မှာ ဘာသာပြန်လည်း မဟုတ်၊ မှီးခြင်းလည်း မဟုတ်။ ကျွန်တော်၏ ပင်ကိုရေးများသာ ဖြစ်သည်။ နေ့စဉ်ဘဝအတွင်းမှ ပေါက်ပွားလာခဲ့ခြင်းများသာ ဖြစ်ပါသည်။ အတွေ့အကြုံများတွင် အခြေခံသည်ဟု ဆိုလိုသော် ဆိုလိုနိုင်ပါသည်။ တရုတ် ကဗျာဆရာကြီး **ဂေါ်မောရော်** ပြောခဲ့သည်ကဲ့သို့ ‘ဘဝဆိုတာက စာပေနဲ့ လုံးလုံးကြီး ကွာတာ မဟုတ်ဘူး။ ဘဝဟာ စာပေရဲ့ အနှစ်သာရပဲ’ဟု ဆိုသည့်သဘော ဟု ဆိုချင်သည်။ ‘အရပ်တစ်ပါး’ဟု ဝိသေသပြုထားရခြင်းမှာ အရပ်တစ်ပါးတွင် အခြေခံထားခြင်းကြောင့် ဖြစ်သည်။ ဆိုလိုသည်မှာ၊ ‘နယ်ဘက် ကျေးဘက်’ဟူသော စကားလုံး/စာလုံးကို နယ်ဘက်ကျေးဘက်က ဝတ္ထုများတွင် သုံးနှုန်းသည်ကဲ့သို့သာ ဖြစ်သည်။ ဝတ္ထုများကို စုစည်းရာတွင် တစ်စုတစ်စည်းတည်းပြုခြင်း .. အခြားတစ်နည်း၊ မျိုးတူစုပြုခြင်း



သာ ဖြစ်သည်။ အရပ်တစ်ပါး၌ ဖြစ်ပျက်နေခြင်းများ၊ အပြုအမူများနှင့် နေ့စဉ်ဘဝ၏ အပြုအမူများ (ယဉ်ကျေးမှု) ကို မြန်မာဘာသာစကား/စာ၏ ဘောင်အတွင်း၌ ပြန်လည်ချပြခြင်း၊ ဖော်ထုတ်တင်ပြခြင်းများ ဖြစ်သည်။ ပညာရှင်အချို့ကသော် Literary domestication ဟု ဆိုကြသည်။ Literature domestication သဘောနှင့်လည်း ဆင်ဆင် ဖြစ်သည်။ အသုံးပြုထားသော အတွေးစနစ် (ဆင်ခြင်ပုံ ဆင်ခြင်နည်း) မှာ အသုံးပြုထားသော ဘာသာစကား၏ သိမှတ်လက်ခံထားသော အစဉ်အလာစနစ်ထဲတွင် အခြေမခံ။

အခြားတစ်ချက်မှာ ‘ဇာတ်ကောင်များ ဘယ်က ရသလဲ’ဟူသော မေးမြန်းချက် ဖြစ်သည်။ စင်စစ်၊ ဇာတ်ကောင်တို့၏ ‘စရိုက်များ’ဟု ဆိုရမည် ထင်သည်။ ထို–စရိုက်–ရှိသူများမှာ ကျွန်တော်၏ပတ်ဝန်းကျင်မှ ရပါသည်။ ထို–အမြင်–မှာ ကျွန်တော် လေ့လာခဲ့သော ဝတ္ထုရေးသမားများထံမှ မည်သို့မည်ပုံ ရယူနိုင်ကြောင်း လေ့လာခဲ့ရပါသည်။ ထုတ်ဝေခဲ့ပြီးဖြစ်သော **အရပ်တစ်ပါးမှ ဝတ္ထုများ**တွင်လည်း ထို–အကြောင်းများ–ဖော်ပြခဲ့ဖူးသည်။ သို့သော်၊ ထို–အမြင်–အပေါ် ဗလုံးဗထွေး ဖြစ်မနေစေချင်ပါ။ ကျွန်တော် တွေ့ကြုံ ခင်မင်ရင်းနှီးသူများထံမှ ရသဖြင့် ‘အပြင်မှာ တကယ်ရှိသော ကျွန်တော့်ဇာတ်ကောင်များ’ဟု ကျွန်တော့်အနေဖြင့် မဆိုလို။ ထိုသို့ မြင်လေသော် ဖန်တီးစာရေးသားမှု မဟုတ်နိုင်တော့။ သတင်းတစ်ပုဒ်၊ ဆောင်းပါးတစ်ပုဒ် ‘သာ’ ဖြစ်သွားပေတော့မည်။ ဉာဏ်ရည်ဉာဏ်သွေး နိမ့်လွန်းလှသော စာဖတ်သမားမျိုး၊ သို့မဟုတ်၊ ခပ်တုံးတုံး စာဖတ်သမားမျိုး၊ သို့တည်းမဟုတ်၊ ဟိုမရောက် ဒီမရောက် သမိုင်းဆရာ မောင်မစ္စကမျိုးကသာ မြင်နိုင်သော၊ မြင်တတ်သောအမြင် ဖြစ်သည်။ ကျွန်တော်၏ ဇာတ်ကောင်များမှာ ကျွန်တော်က ဘာသာစကားအခြေခံကာ စကားလုံး/စာလုံးများဖြင့် တည်ဆောက်ထားခြင်းသာ ဖြစ်သည်။ သူတို့သည် သည်ပုံနှိပ်စာလုံးများအပေါ်တွင်သာ ရှိနေရာ ဖတ်သူတို့က ဖတ်ရှုလိုက်သည့်အခါမှ ရှင်သန်နိုးထလာခြင်းသာ ဖြစ်ပေသည်။ သူတို့ကို အသက်ဝင် လှုပ်ရှားလာစေရန်မှာ ဖတ်ရှုသူကသာ စွမ်းဆောင်နိုင်သည်။



ဆိုခဲ့ပြီးသည့်အတိုင်း **အရပ်တစ်ပါးမှ ဝတ္ထုများ**သည် အရပ်တစ်ပါးတွင် အခြေခံထားသဖြင့် အချို့ အချို့သော အကြောင်းအရာ၊ အပြုအမူများကို မြန်မာတို့၏ အစဉ်အလာပေတံကြီးများဖြင့် တိုင်း၍ မရနိုင်။ တိုင်းလိုသော် တိုင်းကြည့်နိုင်ပေသည်။ လူ့အခွင့်အရေး ဖြစ်သည်။ သို့ရာတွင်၊ **ပို့(စ)ဒယ်ဗယ်လော့မင့်** ပညာရှင်တစ်ဦး ပြောသည်ကဲ့သို့ ‘သူများ ပေတံ စံထားကာ ကိုယ့်ရုပ်ကိုယ့်ရွာကို တိုင်းမရသည်ကဲ့သို့ ကိုယ့်ပေတံဖြင့်လည်း သူများကို အတင်းလိုက်တိုင်း၍ မရနိုင်’ဟူသော သဘော ဖြစ်သည်။ ကိုယ့်ပေတံဖြင့် တိုင်းကြည့်သော်လည်း တကယ်တမ်းတွင် စင်ကာပူနှင့် မနီးစပ်နိုင်သေးသည်မှာ သိမှုအခြေခံ ယှဉ်တွဲလေ့လာမှု မရှိ၍သာ ဖြစ်သည်။ မလိုအပ်သော လူမျိုးရေးအခြေခံ မိမိကိုယ်မိမိ အထင်ကြီးနေခြင်းသာ ဖြစ်ပေသည်။ ကျွန်တော့်တွင် လူမျိုးရေးအခြေခံ၊ ဘာသာရေးအခြေခံ မုန်းတီးမှုများ မရှိ။ မရှိအောင်လည်း နေသည်။ လူအမျိုးမျိုး၊ အသားအရောင် အမျိုးမျိုး၊ သက်ဝင်ယုံကြည်မှု အမျိုးမျိုးသာမက လူမှုဆက်ဆံရေးဘဝအမြင် မတူသူများနှင့်လည်း တွေ့ရဆုံရ၊ အကျွမ်းဝင်ရသည်။ သို့ဖြစ်လေရာ၊ လူမျိုးကြီးစိတ်ဓာတ် အခြေခံ ပေတံတစ်ချောင်း စံပြုကာ လိုက်လံတိုင်းထွာနေရန် မဖြစ်ပါ။ ကျွန်တော့်အရေးအသားများတွင် ထို–အမြင်များ–တွင် အခြေခံသည်။ ဖတ်သူတို့က ဘဝင်မကျသော် သူတို့၏ လွတ်လပ်စွာ ရွေးချယ်ခွင့်သာ ဖြစ်သည်ဟု မှတ်ယူပါသည်။

ဝန်ခံရန်ရှိသော အချက်တစ်ခု ရှိသည်။ ‘လှည့်ဖြားခြင်း’ အမည်ပေးထားသော ဝတ္ထုတွဲမှာ မူလ ရေးသားစဉ်က လေးပုဒ် ဖြစ်သည်။ ပထမအပုဒ်မှာ ဦးဝင်းငြိမ်း၏ **ရွှေအမြုတေ**တွင် ဖော်ပြခဲ့ပြီးနောက် ထပ်မံ၍ မပို့ဖြစ်ခဲ့။ အကြောင်းမှာ ကျွန်တော်၏ကွန်ပျူတာများ အပြောင်းအလဲပြုစဉ် ပျောက်ဆုံးသွား၍ ဖြစ်သည်။ ဒုတိယတစ်ပုဒ်ကို အပြည့်နီးပါး ပြန်လည်ရရှိခဲ့သော်လည်း ကျန်နှစ်ပုဒ်မှာ အပိုင်းအစများအဖြစ်သာ ရရှိခဲ့လေသည်။ မူလ ရေးသားခဲ့သော လေးပုဒ်၏ အဓိက ရည်ရွယ်ချက်မှာ ပြတိုက်ကြီးနှင့် ပြတိုက်ကြီးထဲက လူများ .. ပြတိုက်ကြီးထဲတွင် အဓိက ကျသော အမျိုးသမီး လေးယောက်တို့အကြောင်း ဖြစ်သည်။ ပြဆိုလိုရင်း



မှာ၊ ထို–အမျိုးသမီး လေးယောက်–၏ အမူအကျင့်၊ အမြင်နှင့် ပြတိုက်ကြီးထဲမှ သူတို့၏ နေ့စဉ်ဘဝနှင့် သူတို့၏ ကျောထောက်နောက်ခံ အကြောင်းအရာများ ဖြစ်သည်။ ယခု ပုံနှိပ်ထုတ်ဝေရာတွင် ဒုယတိအပုဒ်ကို ပျောက်ဆုံးနေခဲ့သော နှစ်ပုဒ်မှ အရေးအသား အပိုင်းအစများတွင် အခြေခံကာ ပြန်လည် ပြောင်းလဲရေးသားထားခြင်း ဖြစ်သည်။ စာဖတ်သူအချို့အနေဖြင့် ဘဝင်မကျလေသော် ကျွန်တော်၏အပြစ် ဖြစ်သည်။ ကွန်ပျူတာနည်းပညာ ကျွမ်းကျင်သူတို့ကမူ ပြန်လည်ဖော်ထုတ်ပေးမည်ဟူ၍ကား ဆို၏။ ရရှိလေသော် နောင်၊ ပြန်လည်မွမ်းမံ ထုတ်ဝေသည်ရှိသော် ဖော်ပြနိုင်ရန် အားထုတ်ပါမည်။

**မြင့်သန်း**
၂၀၂၁၊ ဇန်နဝါရီ ၃၁။